## 13.ဌာန - အင်ဂျင်နီယာဌာန

သင်တန်းအမည် - Bachelor of Engineering Program in Industrial Engineering (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Engineering (Industrial Engineering)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. မည်သည့်အဖွဲ့စည်း၌မဆို စက်မှုအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
2. အရည်အသွေးထိန်းချုပ်ရေးနှင့် အရည်အသွေးအာမခံအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
3. လုံခြုံရေးအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
4. ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
5. ထုတ်ကုန်ဒီဇိုင်းနှင့် ဖွံ့ဖြိုးရေးအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
6. ထုတ်လုပ်မှုစီမံကိန်းနှင့်ထိန်းချုပ်ရေးအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
7. စီမံကိန်းအကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲရေးအင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊
8. အရောင်းအဝယ်အင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ခြင်း၊

ဤပရိုဂရမ်မှ ဘွဲ့ရသူများသည် အထက်ဖော်ပြပါလုပ်ကိုင်အပြင် နို့ထွက်ပစ္စည်းနှင့် အဖျော်ယမကာ အင်ဂျင်နီယာ အထူးပြုဖြင့် လုပ်ကိုင်နိုင်ပါသည်။

သင်ယူရရှိမှုရလဒ်များ (PLOs)

ဤပရိုဂရမ်သည် မဟိဒွန် တက္ကသိုလ်၏ မျှော်မှန်းချက်များနှင့် မစ်ရှင်များ၏ အောင်မြင်မှုကို ပံ့ပိုးပေးရုံသာမက Dairy and Beverage Engineering တွင်လည်း ထိပ်တန်းဘွဲ့ကြိုပရိုဂရမ်အဖြစ် အသိအမှတ်ပြုခံရခြင်းမည် ဖြစ်ပါ သည်။

Dairy and Beverage Engineering ဘာသာရပ်ဖြင့် စက်မှုအင်ဂျင်နီယာ ပရိုဂရမ်မှဘွဲ့ရကျောင်းသားများကို စက်မှု အင်ဂျင်နီယာနယ်ပယ်တွင် အသက်မွေးဝမ်းကြောင်းအလေ့အကျင့်များ ရရှိအောင် နည်းလမ်းများ ပေးခြင်း နှင့် မည် သည့် dairy and beverage လုပ်ငန်းအဖွဲ့အစည်းများတွင်မဆိုလုပ်ကိုင်နိုင်အောင်လည်း ဖန်တီးပေးနိုင်ရန် ဖြစ် သည်။ ဘွဲ့ရကျောင်းသားကျောင်းသူများသည် အောက်ပါအရည်အချင်းများ ရှိရန် လိုအပ် ပါသည်။

1. Dairy and Engineering ပညာရပ်ကို နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် သို့မဟုတ် အဆင့်မြင့်လေ့လာမှုများကို အောင်မြင်စွာ လေ့လာနေသူဖြစ်ရမည်။

2. နည်းပညာနှင့် လူမှုရေးစိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမှုရှိပြီး ပါဝင်ဆောင်ရွက်သူဖြစ်ရမည်။

3. အကျက်ဲ့စာရိတ္တကောင်းသည့် ခေါင်းဆောင်မှု၊ အဖွဲ့လိုက်လုပ်ဆောင်မှု၊ အမြင်ကျယ်မှုနှင့် ဘဝတစ်သက်တာ သင်ယူလိုမှုရှိရ၍ ကောင်းမွန်သောအင်္ဂလိပ်စာအရည်အချင်းရှိသူလည်းဖြစ်ရမည်။